## ကမ်းရိုးတန်းသွား/ပြည်တွင်းရေကြောင်းသွား ခရီးသည်တင်ရေယာဉ်များ၏ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ(ကနဦး) လျှောက်ထားမှုနှင့်စပ်လျဉ်း၍ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ ရေယာဉ်ပိုင်ရှင်မှ ကနဦးလျှောက်ထားရာတွင် လိုအပ်သောစာရွက်/စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်လွှာ

(ခ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် (ရုံးချုပ်) မှတ်ပုံတင် ရေယာဉ်များ၏ ရေယာဉ်မှတ်ပုံတင်နှင့် သက်ဆိုင်ရာသက်သေခံ လက်မှတ်များ(Safety Certifcate/ LSA/ Certificate of Servey) (မူရင်း/မိတ္တူ)

(ဂ) ကမ်းရိုးတန်းသွား/ ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပိုင်ရှင်များအသင်းမှ အသင်းဝင် ရေယာဉ်ဖြစ်ကြောင်းထောက်ခံချက်

(ဃ) ရေယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကဒ်ပြား(မိတ္တူ)

(င) ကရလဖ(ရော)၏ ခရီးစဉ်လိုင်းပြေးဆွဲခွင့် ခွင့်ပြုချက်(Permit to Ply)

၂။ မြို့နယ်မှတ်ပုံတင်မြင်းကောင်ရေ(၂ဂ)အောက်မပိုသော စက်တပ်ခရီးသည်တင်ရေယာဉ်များ၏ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ(ကနဦး)လျှောက်ထားမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်လွှာ

(ခ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကိုယ်စား သက်ဆိုင်ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပေးသော ရေယာဉ်မှတ်ပုံတင်လက်မှတ် (မူရင်း/မိတ္တူ)

(ဂ) သက်ဆိုင်ရာရေယာဉ်အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ရေယာဉ်မောင်းနှင်ခွင့်လက်မှတ်(မူရင်း/မိတ္တူ)

(ဃ)  သက်ဆိုင်ရာရေယာဉ်အတွက်  ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ရေယာဉ်တွင် အများဆုံးတင်ဆောင်နိုင်သည့် ခရီးသည်ဦးရေ သတ်မှတ်ချက် အထောက်အထား

(င )  ရေယာဉ်ပိုင်ရှင်၏ နိုင်ငံသား စိစစ်ရေးကဒ်ပြား(မိတ္တူ)

(စ )  ကရလဖ(ရခိုင်)၏ ခရီးစဉ်လိုင်းပြေးဆွဲခွင့် ခွင့်ပြုချက်(သို့မဟုတ်)(Permit to Ply)

၂။ ကမ်းရိုးတန်းသွား/ ပြည်တွင်းရေကြောင်းသွား ခရီးသည်တင်ရေယာဉ်များနှင့် မြင်းကောင်ရေ(၂၀) အထက်/(၂၀)အောက်ရေယာဉ်များ၏ (ကနဦး)ခရီးသည်ပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ပြည်နယ်ရုံးမှ စိစစ် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များများ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)  ရေယာဉ်ပိုင်ရှင်၏ လုပ်ငန်းလုပ်ကိုင်ခွင့်  လျှောက်ထားလွှာနှင့် လိုအပ်သော စာရွက်စာတမ်းများ မှန်ကန်ပြည့်စုံမှု ရှိ/မရှိ စိစစ်လက်ခံခြင်း

(ခ)  ကမ်းရိုးတမ်းသွား/ ပြည်တွင်းရေကြောင်းသွားခရီးသည်တင် ရေယာဉ်များ၏ ခရီးသည် ပို့ဆောင်လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်လျှောက်ထားလာသည့် လိုအပ် သော စာရွက်စာတမ်း အမှုတွဲများအား စုစည်း၍ ပြည်နယ်ရုံးမှ စိစစ်ကာ (ရုံးချုပ်) ရေကြောင်းလုပ်ငန်းဌာနခွဲသို့ ပေးပို့ဆောင်ရွက်ခြင်း

(ဂ )  (ရုံးချုပ်)ရေကြောင်းလုပ်ငန်းဌာနခွဲမှ ပြန်လည်ပေးပို့လာသည့်လုပ်ငန်းလိုင်စင် အပိုင်း (၁)(၂)တို့အား ပိုင်ရှင်များထံသို့ ထုတ်ပေးဆောင်ရွက်ခြင်း

(ဃ)  ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်ထားလာသော ရေယာဉ်အတန်း အစား အားလုံးအားလိုင်းအငြင်းပွားမှုနှင့်  ဒေသအတွင်း လိုအပ်ချက် ရှိ / မရှိ သက်ဆိုင်ရာ ကျေးရွာ/ မြို့နယ်အုပ်ချုပ်မှု အဖွဲ့အစည်းများ၊ ကော်မတီများထံသို့ သဘောထားမှတ်ချက်များ  တောင်းခံ၍ အမှုတွဲတည်ဆောက်ကာ ပြည်နယ် အစိုးရအဖွဲ့သို့ ခွင့်ပြုချက်တောင်းခံခြင်း

(င )    ပြည်တွင်းရေကြောင်းသွား ရေယာဉ်များနှင့် မြင်းကောင်ရေ(၂၀)အထက်/(၂၀) အောက်ခရီးသည်တင် ရေယာဉ်များအား  ခရီးစဉ်လိုင်း / လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်လျှောက်ထားမှုအား  အစိုးရအဖွဲ့  / ကရလဖ(ရော)၏  ခွင့်ပြုချက်ဖြင့် စိစစ်ထုတ်ပေးဆောင်ရွက်ခြင်း

(စ )    ရေယာဉ်ပိုင်ရှင်အား လိုင်စင်ကျသင့်ငွေများ ဘဏ်သို့ ပေးသွင်းစေခြင်း